# MYANMAR HCT - Multi-sectoral Initial Rapid Assessment (MIRA)

## MIRA အဖွဲ့ဝင်များအတွက် လမ်းညွှန်ချက်

**(Update June 2017)**

DRAFT

## လေ့လာဆန်းစစ်မှု မပြုလုပ်မီ

- ကွင်းဆင်းလေ့လာဆန်းစစ်မှုအဖွဲ့ ညှိနှိုင်းရေးမှူး (FTC)သည် အဖွဲ့ဖွဲ့စည်းပြီး အဖွဲ့ခေါင်းဆောင် (TL)ကို ရွေးချယ်ရမည်။
- အဖွဲ့ထဲတွင် အမျိုးသမီးဦးတည်အုပ်စုနှင့် ဆွေးနွေးရာတွင် လွယ်ကူချောမွေ့မှုရှိစေရန် အဖွဲ့တစ်ဖွဲ့စီတွင် အနည်းဆုံးအမျိုးသမီးအဖွဲ့ဝင်တစ်ဦးပါဝင်စေပြီး ကျားမအချိုးညီမျှအောင် ဆောင်ရွက်ပါ။
- ကျေးရွာနှင့်ကျေးရွာအုပ်စုအပါအဝင် ဒေသအာဏာပိုင်များကို ဆန်းစစ်မှုပြုလုပ်မည့်အကြောင်း၊ ပါဝင်မည့်လူဦးရေနှင့် ဆန်းစစ်လေ့လာမှုပြုလုပ်မည့်နေရာ (ကျေးရွာ/စခန်း) စသည်တို့ကို ကြိုတင်အကြောင်းကြားပါ။ လိုအပ်ပါက ခွင့်ပြုမိန့် စာရွက်များကို ထည့်သွားပါ။
- အကယ်၍ လိုအပ်ပါက ကာကွယ်စောင့်ရှောက်မှုနှင့်ပတ်သက်သောကိစ္စရပ်များအား သတင်းပေးရန်/ညွှန်းပို့ရန်အတွက် ကာကွယ်စောင့်ရှောက်ရေးကဏ္ဍမှ တာဝန်ရှိပုဂ္ဂိုလ်များ၏ ဆက်သွယ်ရန်လိပ်စာကို ကြိုတင်သိရှိထားပါ။
- အဖွဲ့ဝင်များသည် ဆန်းစစ်မှုပုံစံနှင့် မိုဘိုင်းဖုန်းအက်ပလီကေးရှင်းတို့နှင့် အကျွမ်းဝင်နေပါစေ။
- ဖြစ်နိုင်ပါက ထိုဒေသ၏မြေပုံ၊ GPSစက်နှင့် ကင်မရာတို့ကို ယူဆောင်သွားပါ။
- အနည်းဆုံးအဖွဲ့ဝင်တစ်ယောက်သည် ထိုဒေသဓလေ့များနှင့် ရင်းနှီးသူဖြစ်သင့်သည်။
- အဖွဲ့ဝင်များကြားအလုပ်တာဝန်ခွဲဝေပေးပါ။ အထူးသဖြင့် မေးမြန်းသူနှင့် မှတ်စုမှတ်သူကို ခွဲခြားပါ။
- ရရှိလာသောအချက်အလက်များကို စာရွက်ထဲတွင်ရေးမှတ်သည့်နည်းလမ်း (သို့) မိုဘိုင်းဖုန်းထဲသို့ သွင်းမည့်နည်းလမ်း နှင့် မည်သူကတာဝန်ယူရေးမှတ်မည်ကို ဆုံးဖြတ်ထားပါ။
- သွားရောက်ခဲ့သောနေရာတိုင်းတွင် တူညီသည့်နည်းလမ်းတစ်မျိုးထဲသာ အသုံးပြုပါ။ အချက်အလက်များကိုလည်း တပြေးညီထည့်သွင်းပြီး ထင်ရှားသည့်ကွဲပြားမှုများကို ပေါ်လွင်အောင် မှတ်သားပေးပါ။
- ကျေးရွာသို့သွားရောက်ရာလမ်းကြောင်း၊ ကြာချိန်နှင့် အခြားသယ်ယူပို့ဆောင်ရေးအချက်အလက်များကို သေချာစွာ မှတ်သားပါ။

## လေ့လာဆန်းစစ်မှု ပြုလုပ်နေစဉ်

- လေ့လာဆန်းစစ်မှုပြုလုပ်မည့်ဒေသသို့ရောက်သည့် အဖွဲ့ခေါင်းဆောင်မှ သက်ဆိုင်ရာသို့အကြောင်းကြားရန်နှင့် အဓိကသတင်းပေးနိုင်မည့်သူများနှင့် အုပ်စုဖွဲ့ဆွေးနွေးမှုအတွက် စီစဉ်ရန် ရပ်ရွာလူကြီးများအကြောင်းကြားရန်။
- အဖွဲ့ခေါင်းဆောင်မှ အဖွဲ့ဝင်များနှင့်မိတ်ဆက်ပေးရန်၊ လာရောက်သည့်ရည်ရွယ်ချက်နှင့် ခန့်မှန်းနေထိုင်မည့်ရက်တို့ကိုလည်း ရှင်းပြရန်။
- ဖြေဆိုမည့်သူများ သက်တောင့်သက်သာဖြစ်နိုင်မည့်နေရာတွင် အုပ်စုဖွဲ့ဆွေးနွေးရန်။ ဆွေးနွေးမည့်နေရာသည် လုံခြုံ၊ စိတ်ချရမည့်နေရာဖြစ်စေရန်။
-
- အမျိုးသမီးများ၊ မိန်းကလေးများ၊ ယောကျ်ားများနှင့် အမျိုးသားများ၏ လိုအပ်ချက်ကို ဖော်ထုတ်နိုင်ရန်အတွက် အုပ်စုဖွဲ့ဆွေးနွေးရာတွင် အဓိကသတင်းပေးနိုင်မည့်သူများကို ရွေးချယ်မှုသေချာစေရန်၊

အချိန်ရရှိမှုအပေါ်မူတည်ပြီး စီမံရန်၊ ဖြေကြားမည့်သူများရွေးချယ်မှုမှန်ကန်ရန်နှင့် ကျားမရေးရာ ညီမျှစေမှုကို ထည့်သွင်းစဉ်းစားရန်နှင့် အထူးသဖြင့် အမျိုးသမီးများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို သေချာရန်။

- လေ့လာဆန်းစစ်ရန်သွားမည့်အဖွဲ့ဝင်များသည် ဒေသဓလေ့၊ အမူအကျင့်နှင့်ကိုးကွယ်ယုံကြည်မှုများကို လေးစားမှု ရှိကြရန်။
- လေ့လာဆန်းစစ်ရန်သွားမည့်အဖွဲ့ဝင်များသည် ရပ်ရွာသူ/သားများအားဆက်ဆံရာတွင် ကိုယ်ချင်းစာနာမှုကို ဖော်ပြပြီး တည်ကြည်၍ ရင်းနီးဖွယ်ဖြစ်ရန်နှင့် အပြန်အလှန်ခင်မင်နားလည်မှုရှိစေပြီး ယုံကြည်စိတ်ချမှုရှိစေရန်ဆောင်ရွက်ရန်။
- အကယ်၍ ကလေးသူငယ်ကာကွယ်စောင့်ရှောက်မှုနှင့် ကျား/မခွဲခြားအကြမ်းဖက်မှုစသော ကာကွယ်စောင့်ရှောက်ရေးနှင့်ပတ်သက်သော ဘေးဖြစ်နိုင်ခြေများကိုတွေ့ရှိပါက ကာကွယ်စောင့်ရှောက်ရေးကဏ္ဍမှ တာဝန်ရှိသူများ သို့မဟုတ် ကာကွယ်စောင့်ရှောက်မှုကိုတာဝန်ယူဆောင်ရွက်သော ဦးစီးဌာနဖြစ်သည့် လူမှုဝန်ထမ်းဦးစီးဌာနကို အကြောင်းကြားရန်နှင့် အကြမ်းဖက်မှု/အလွဲသုံးစားမှု ပြုလုပ်ခံရသော အမျိုးသမီးများနှင့်ကလေးများ၏ နာမည်ကို မှတ်တမ်းမတင်ရန်။
- စကားပြောဆိုရာတွင်လည်း ရှင်းလင်းသော အသံနေအသံထားနှင့်ပြောရန်နှင့် လူထုနားမလည်နိုင်သည့် စကားအသုံးအနှုန်းများကို မပြောကြရန်၊ မရှင်းသည့်မေးခွန်းများကို လိုအပ်ပါက ဒေသအသုံးအနှုန်းများဖြင့် နားလည်အောင် ရှင်းပြရန်။
- လူသားချင်းစာနာမှုဆိုင်ရာ အတိုကောက်စကားများပြောခြင်းကို ရှောင်ရန်။
- လေ့လာဆန်းစစ်ရန်သွားမည့်အဖွဲ့ဝင်များသည် ဆွေးနွေးစဉ် သေချာနားထောင်ရန်နှင့် ကြားဝင်နှောင့်ယှက်မှု များ မပြုလုပ်ရန်၊ ဖြစ်နိုင်ခြေရှိသော အဖြေများကို မပြောဆိုရန်၊ အဖြေကိုမရှင်းလင်းသည့်အခါ နောက်တစ်ခေါက် ဖြေဆိုရန် ယဉ်ကျေးစွာမေးရန်။ လူထု၏ ဦးစားပေးလိုအပ်ချက်များနှင့်ခံစားချက်များကို ရရှိရန် သူတို့အား အချိန်ပေးရန်။
- ရရှိလာသည့် သတင်းစကား/အချက်အလက်များကို မှတ်တမ်းတင်ပြီး လိုအပ်ပါက မှန်/မမှန် စစ်ဆေးရန်။
- လေ့လာဆန်းစစ်မှုတစ်ခုသည် တစ်နာရီထက် အချိန်ပိုမယူသင့်ပါ။
- လေ့လာဆန်းစစ်မည့်အဖွဲ့ဝင်များသည် ရပ်ရွာလူထုနှင့်ပြောဆိုစဉ် မေးမြန်းလိုက်သည့် မေးခွန်းများ အပေါ်တွင် ၎င်းတို့၏ ကိုယ်အမူအရာလှုပ်ရှားမှုများကို အမြဲတစေ အကဲခတ်ခြင်းရန်နှင့် ဖြေဆိုသူများက မဖြေချင်ပါက ဆက်လက်ပြီး မမေးရန်။
- အကယ်၍ ဘာသာပြန်ရန်လိုအပ်ပါက အရေးကြီးသည့်အစိတ်အပိုင်းကို ကြိုတင်၍ ရှင်းပြထားရန်နှင့် ဘာသာပြန်ပေးသူအား တိတိကျကျ ဘာသာပြန်ပြောဆိုရန်နှင့် ဖြေဆိုသူများ ဖြေဆိုရာတွင် ဝင်ရောက် စွက်ဖက်မှုများ မပြုလုပ်ရန်။
- အဓိကသတင်းပေးမည့်သူများအား မေးခွန်းပြန်မေးနိုင်ရန်နှင့် ဆွေးနွေးစဉ်မပါဝင်ခဲ့သည့် ၎င်းတို့ဝေမျှ ချင်သော အကြောင်းအရာများအား ဝေမျှရန်အတွက် အခွင့်အရေးပေးရန်။ သို့သော်လည်း ၎င်းတို့အား အထောက်အပံ့နှင့် ပက်သက်ပြီး မည်သည့်မျှော်လင့်ချက်မျှ မပေးမိစေရန်အတွက် သတိထားရန်။

## လေ့လာဆန်းစစ်မှု ပြုလုပ်ပြီးနောက်

- အဖွဲ့ခေါင်းဆောင်မှ ဆန်းစစ်မှုပြီးဆုံးသည့်အခါ မေးခွန်းများဖြေဆိုပေးသည့်အချိန်နှင့် ကြိုးပမ်းအားထုတ်ပေးမှုအတွက် ကျေးဇူးတင်ကြောင်းပြောပါ။
- မြေပြင်အခြေအနေကို အကဲဖြတ်ရန် တိုက်ရိုက်ကြည့်ရှုလေ့လာခြင်း ပြုလုပ်ပြီး အရေးကြီးဆုံး လိုအပ်ချက် သုံးခုကို ရေးမှတ်ပါ။ ဥပမာ ဦးတည်အုပ်စုဆွေးနွေးစဉ် လူဦးရေထူထပ်သည်ဟု ပြောသောနေရာများကို မှတ်သားထားပြီး ၎င်းမှီခိုရာနေရာများကို သွားရောက်ကြည့်ရှုရန်။
- ဆန်းစစ်မှုပြုလုပ်ခဲ့သော နေရာတွင် လိုအပ်သော အချက်အလက်များပြည့်စုံမှုရှိမရှိ အဖွဲ့ဝင်များမှ ပြန်လည်စစ်ဆေးရန် နှင့် ဆန်းစစ်မှုပြုလုပ်သည့်အဖွဲ့ဝင်များမှ တွေ့ရှိချက်များအပေါ် တူညီသောသဘောတူမှုရှိမရှိ အချိန် အနည်းငယ်ပေးပါ။

DRAFT

- စာရွက်ပုံစံ(သို့) မိုဘုန်းဖုန်းဖြင့်ဖြည့်စွက်ရာတွင် အချက်အလက်များ ကျန်နေမှုမရှိစေရန် လေ့လာဆန်းစစ်မှု ပြုလုပ်သည့် နေ့ရက်တွင်တခါတည်းဖြည့်သွင်းပါ။ အဖွဲ့ခေါင်းဆောင်မှ နောက်ဆုံးအကြိမ်စစ်ဆေးပြီး ပို့ပါ။ (စာရွက်များအား စကန်ဖတ်ပြီး မပို့ရပါ။)
- FအTCသည် ဆန်းစစ်မှုပြုလုပ်သည့်အဖွဲ့အသီးသီးမှ နေ့စဉ်တွေ့ရှိချက်များကို စုဆောင်းပါ။

## လေ့လာဆန်းစစ်မှုအဖွဲ့၏ ဖွဲ့စည်းမှုပုံစံ

